

အောင်မြင်စာပေ
မြမုလဲခင်
ပြန်လည်မွေးဖွားခြင်း နယ်မြေသစ်ဆီသို့

# အပိုင်း (၁)
# ခရီးကြုံနဲ့ မြစ်ဆုံဆီသို့

## အခန်း (၁)

မင်းခေါင် စိတ်ညစ်ညူး ရသည့်အထဲ ရထားက ယနေ့မှ အချိန် ပြောင်းလိုက် ရတယ် ရယ်လို့ ။ ညနေမှ ထွက်ဖြစ်မည်တဲ့ ။

ဘယ်လိုလုပ် လိုက်တာလဲ "(မ. မ)" ရယ်ဟု စိတ်ထဲမှ မြည်တမ်း လိုက်သည် ။

မန္တလေး - မြစ်ကြီးနား အဆန်အမှတ် (××) တရုတ် ရထားကို စီးလိုသဖြင့် နံနက်စောစော စီးစီး အိပ်ပျက်ခံကာ တန်းစီ ထားပြီးကာမှ ရထား "(မ. မ)" က နောက်ကျမှ ထွက်မည်တဲ့ ။ ကောင်းကွာ။

ဒါတင် မကသေး။ သုံးည လေးရက် တည်းခိုခဲ့သော ပစိဖိတ်ဟိုတယ်ကိုလည်း ရထားက မွန်းလွဲ (၁၂) နာရီခွဲ ဆိုတော့ (၁၂) နာရီတိတိမှာ ထွက်ခဲ့ပြီမို့ တာ့တာပင် ပြခဲ့လိုက်သေး၏။

ယခုတော့ ...

"ညနေ (၅) နာရီခွဲမှ ထွက်ပါမယ်"

မီးရထား စုံစမ်းရေး စခန်းမှ ရသော သတင်း စကားကြောင့် ...

"ဘာကြောင့်လဲ"

"အကြောင်း မညီညွတ်လို့ ပါရှင် ... သွားစရာရှိရင် သွားတာပေ့ါ"

"ခရီးဆောင် အိတ်ကြီး တကားကားနဲ့ ဘယ်သွားလို့ ရမှာ လဲ"

"ဩော် ... ဒီအတွက်လည်း မခက်ပါဘူး၊ ပစ္စည်းထိန်း ဌာနမှာ အပ်နှံသွားလို့ ရပါတယ်"

ပြောတော့ လွယ်လိုက်သည့် ဖြစ်ခြင်း၊ မန္တလေးမှာ လည်စရာ ပတ်စရာတွေ ပေါများမှန်း သိပါသည် ။ သို့သော် (၃) ရက်နှင့် နှံ့သွားခဲ့လေပြီ။ ဟိုတယ်က ဆိုင်ကယ်ကို နာရီပိုင်းနှင့် ငှားပြီး လည်ပတ်လိုက်သည် ။

သူကြီးပြင်းတာက ရန်ကုန်မြို့ လယ်ခေါင်။ သူငယ်ချင်း အပေါင်းအသင်းတွေ အားလုံးက ရန်ကုန်မြို့နှင့် ဆယ်တန်းအောင် ပြီးတော့လည်း နိုင်ငံတကာ အသီးသီး ရောက်လို့ နေပြန်သည် ။

ထိုအထဲ သူကကော ဘာထူးသနည်း။ ရေကြောင်းသိပ္ပံ တက်ပြီး ရေကြောင်း အရာရှိဘဝနှင့် နိုင်ငံတကာ လှည့်လည် သွားလာခဲ့သည် ဆိုတော့ မြန်မာပြည်တွင်း မြို့များ နှင့်က အဆက်အသွယ် ပြတ်နေလေတော့သည် ။

ဒီတစ်ခေါက် ပြန်လာတော့ ထူးထူးခြားခြားပင် ဖခင်ကော မိခင်ကပါ သူ့အား အမိန့်တစ်ရပ် ထုတ်ပြန်လာသည် ။

"မင်းရဲ့ သင်္ဘောကုမ္ပဏီ ကိစ္စတွေ ဘာတွေ ရှင်းလင်းပြီးတာနဲ့ ခရီးသွားရမယ်"

"ဗျာ ... ကျွန်တော် အခုပဲ ခရီးက ပြန်လာတယ်လေ ဖေဖေ"

"မင်းခရီးတွေက ပြည်ပခရီးတွေ၊ ခု ... ဖေဖေ ခိုင်းတာက

ပြည်တွင်းခရီး"

"ဖေဖေ ကလည်း ဗျာ ... သား အေးအေးဆေးဆေးတောင် မနားရသေးဘူး"

"မနားနဲ့ ... ကုမ္ပဏီက ကိုထွန်းဦးကို ဖေဖေ ဖုန်းလှမ်းဆက် မေးပြီးပြီ ... မင်းအားနေပြီ၊ ဒီတော့ ခရီးသွားဖို့ သာပြင်"

"ဘာ ... ကား ..."

"ဘာကားနဲ့ မှ မသွားရဘူး၊ ရထားနဲ့ သွားရမယ်၊ လိုင်းကားတွေနဲ့ သွားရမယ်၊ ပါးစပ်ပါ ရွာရောက်တာပဲ၊ နိုင်ငံတကာ သွားနေတဲ့ လူပဲကွာ ၊ ပြည်တွင်း ခရီးစဉ် လောက်ကတော့ မင်းအတွက် မိုင်နာဖြစ်မှာ ပါသားရာ"

ဖေဖေ့ကို သူဆင်ခြေ မကန်ရဲတော့။ မေမေ့ကို စစ်ကူ တောင်းသော မျက်လုံးကြီးနှင့် လှမ်းကြည့်သည် ။

သို့သော် ... ရလိုက်သည့် စစ်ကူက သူ့ဘက်က မဟုတ်ဘဲ ဖေဖေ့ဘက်က ဖြစ်နေသည် ။

"စားစရာ ပလတ်စတစ် ဘူးတွေကို မေမေ စီစဉ်ပေးထားတယ် ... လိုရမယ်ရပေါ့၊ ခြံစောင့် ဦးအိုက်စံကလည်း အသက်ကြီးပြီ ဆိုတော့ သားကို ဘာမှ စောင့်ရှောက်ပေးနိုင်မှာ မဟုတ်ဘူး ၊ သူ့အတွက် လိုအပ်မယ်ထင်တဲ့ လက်ဆောင်ထုပ် တစ်ထုပ်လည်း ပီနံအိတ်ထဲမှာ ထည့်ထားတယ်၊ ဒီအိတ်တစ်လုံးနဲ့ သား ခရီးဆောင် အိတ်တစ်လုံးကိုတော့ မဖြစ်မနေ သယ်သွားရမှာ ပဲ"

သူ ... နည်းနည်းတော့ စိတ်ဝင်စား သွားသည် ။

"ဘယ်ခရီး မို့လို့ လဲ မေမေ"

"ဝန်းစီ"

"ဩော်"

သိပ် အထူးအဆန်းတော့ မဟုတ်ချေ။ ဖခင်၏ ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်နေသောကြောင့်ပင်။

"ဘယ်သူမှ လဲ မရှိဘဲနဲ့ ဗျာ"

သူ ... ညည်းတွားသလိုပင် ပြောလိုက်သည် ။ ရတောင့်ရခဲ ရန်ကုန်သကြံန်၌ ကဲရတော့မည့် အခွင့်အရေးတွေ လက်လွှတ် ဆုံးရှုံးရတော့မည့် အဖြစ်။

"ဘယ်နှရက် ကြာမှာ လဲ"

"ဒါက သားအပေါ် မူတည်တယ်၊ သားအရည်အချင်း ရှိရင် ရှိသလို အလုပ်က တစ်ရက်နဲ့ လည်း ပြီးမြောက်ချင် ပြီးမြောက်သွား နိုင်တယ်"

"ပြီးတာနဲ့ ပြန်လာခဲ့ရုံပါပဲ"

သူစိတ်ဝင်စား သွားရပြန်ပြီ။

"ဘာအလုပ်လဲ"

"ပစ္စည်းတစ်ခုဟာ အတုလား အစစ်လား ခွဲခြားမယ်၊ အဲ ... အစစ်ဆိုရင် ယူလာခဲ့ဖို့ ပဲ"

"ဩော် ... ဒါလား"

သူ့မှာ တော့ ဘာများ လဲလို့ ။ ကျောက်မျက် ရတနာဆိုရင်လည်း ကျွမ်းကျင်ပါရဂူတွေ ခေါ်ပြလို့ ရရဲ့ သားနဲ့ ။

"ဒါလောက်ပါပဲ ... ဒါပေမဲ့ အတုဖြစ်နေရင်တော့ အစစ်ကို ရှာဖွေပေးပြီးမှ မင်းပြန်လာခဲ့ရမယ်"

"ဟာဗျာ ..."

စစ်မရောက်ခင် မြားကုန်သလိုတော့ သူမပြောချင်။ ဖေဖေက "မင်းယောက်ျား မဟုတ်ဘူး လား" ဆိုသည့် အပြောကို သူနာကျင် ထိရှစွာ ခံစားရမည်ကို မလိုလား။ ထို့ကြောင့် "ဟာဗျာ" ဟု ညည်းတွား လိုက်မိပြီးမှ ...

"ရန်ကုန် သင်္ကြန်ကို အပြတ်ကဲလိုက်မယ် ရည်စူးထားကာမှ ..."

ပြက္ခဒိန်ကို ကြည့်ပြီး ပင့်သက်မောကို ချလိုက်သည် ။ ဒီနေ့ပဲ ဧပြီလ (၈) ရက် ဖြစ်နေပြီ။ မနက်ဖြန် (၉) ရက်၊ မန္တလေး ရောက်လျှင် ရထားလက်မှတ် စီစဉ်ရဦးမယ် ဆိုတော့ ...

သင်္ကြန်ဆိုသော အရာကြီးကို ခေါင်းထဲက ဖျောက်ဖျက် ပစ်လိုက်သည် ။

ဖြစ်ချင်ရာ ဖြစ်ကွာဟု ဆိုကာ "(မ.မ)" စုံစမ်းရေး ဌာနက အကြံပြုသလို ပစ္စည်းထိန်းသိမ်း အပ်နှံရေးဌာန၌ အပ်ထားပြီး ...

နွေအပူကို အန်တုကာ Air Con များ တပ်ဆင်ထားသော Shopping Mall ထဲ ဝင်ရောက်ကာ လိုအပ်တာလေးတွေဝယ်၊ အစားအသောက်ကို ဇိမ်နှင့် မှာ စား၊ ကွန်ပျူတာ ဂိမ်းပင် ဝင်ဆော့လိုက်ပြီး အချိန်ဖြုန်း ပစ်လိုက်သည် ။

ညနေ (၅) နာရီမှ Shopping Mall ထဲက ထွက်ခဲ့တော့ ...

အားပါး ... ပူလိုက်သည့် မန္တလေး၏ နွေလယ်နေက နေညိုသည့် တိုင်အောင် အရှိန်က မသေးလှပါတကား။

ဘူတာရုံထဲ ပြန်ရောက်တော့ "မ.မ" စုံစမ်းရေး ဌာနက ဝန်ထမ်းတွေ

က မျက်နှာ ပြောင်းလွဲသွားသည် ။ ရထားကား မထွက်နိုင်သေး။

"မကြာခင် တွဲထိုးတော့မှာ ပါ ... စောင့်ပါရှင်" တဲ့ ။ ဟင်း ... အတော်ပါပဲ။ ညလယ်စာအတွက် တစ်ခုခု ဝယ်ထားလိုက် ဦးမည်ဟု စဉ်းစားပြီး ဘူတာရုံ အပြင် ပြန်ထွက်လိုက်သည် ။ ညနေစာလည်း တစ်ခါတည်း စားသောက်ခဲ့ လိုက်လေသည် ။

သူလို ကိုယ်လို ခရီးသွားတွေ အများကြီးပဲဟ။ အကြောင်း မ ညီညွတ် သေးတော့လည်း ရထားက စကြိုဥ် တွဲမထိုးနိုင်သေး။ ဒီတော့ လိုက်ပါမည့် ခရီးသည် များကလည်း စောင့်ပေတော့ပေ့ါ။

ငယ်ငယ်တုန်းက သင်ပုန်းကြီး ဖတ်စာအုပ်တွင် အော်ဖတ်ခဲ့ရသော စာပိုဒ်ကလေးကို သတိရလိုက်မိသည် ။

"လူအများ စုဝေးနေကြသည် ။

မီးရထားက မလာသေး" ဟူသော စာပိုဒ်တို့ ဖြစ်သည် ။

*****

# အခန်း (၂)

"ရွှေရုပ်သွင်" စိုးရိမ် ပူပန်နေမိသည် ။

မိမိဘေးနား ပြတင်းပေါက် နေရာပိုင်ရှင်သည် သဘောကောင်းသူ ဖြစ်ပါစေဟု လည်း အခါခါ ဆုတောင်းမိလေသည် ။

"ရွှေရုပ်သွင်" နှင့် မစာက အတွင်းဘက် လူသွားစင်္ကြံ၏ တစ်ဖက်တစ်ချက်မှာ သာ နေရာရသည် ။ လက်တစ်ကမ်းသာ အကွာအဝေး ရှိပေမဲ့ နှစ်ယောက်သား ပူးပူးကပ်ကပ် ထိုင်ချင်သည် ပေါ့။ မစာဘက်မှ သူက လည်း မိန်းမသားကြီး။ အသက် (၃၀) ကျော် (၄၀) ခန့် ဖြစ်လိမ့်မည်။ ခပ်သန့်သန့် ချောချော အမျိုးသမီးကို မစာက လဲပေးမလားဟု ပြောသော အခါ ...

"တို့ က အိပ်ပျက်ခံပြီး လက်မှတ်ကို တန်းစီပြီး ဝယ်ထား ခိုင်းရတာ၊ ပြတင်းပေါက်ဘက် တမင် လိုချင်လို့ ၊ ဒါမှ တစ်လမ်းလုံး စိတ်ချလက်ချ အိပ်သွားရမှာ ၊ အဲဒီနေရာက အိမ်သာ သွားတဲ့ လူတွေ ဘာတွေက ဖြတ်သွားဖြတ်လာ ထိမိခိုက်မိလို့ မလိုချင်ဘူး" တဲ့ လေ။

ဖြောင်ကျကျ ရှည်ရှည်ဝေးဝေး ရှင်းပြလာတော့လည်း ပြောမိသော မစာနှင့် ရွှေရုပ်သွင် ကပင် ပြန်အားနာ သွားရသည် ။

"ဟုတ်ကဲ့ ရပါတယ် အစ်မ၊ ကျွန်မတို့ ညီအစ်မက ဒီခရီး အခုမှ သွားဖူးတာ ဆိုတော့ တူတူ ထိုင်ချင်လို့ ပါ"

"ညကြီး အိပ်သွားရမှာ ပဲ၊ ထိုင်လည်း ဘာမှ ထူးခြားမှာ မဟုတ်တာ" ဟု ပင် မျက်နှာကြော တင်းတင်းနှင့်ပင် ဆက်ပြီး တက်တင်း ထိုးနေလေတော့သည် ။

ရွှေရုပ်သွင် မျက်နှာငယ်လေးနှင့် မစာကို ကြည့်လိုက်ပြီး ရင်ပူလာသဖြင့် ရေခဲရေကို စစ်ကာ သောက်လိုက်သည် ။

မိမိဘေးမှ ခရီးသွား အမြန်လာပါစေလို့ ဆုတောင်းရမည်လား။

သို့တည်းမဟုတ် ...

မလာပါစေနဲ့ ဟု ပဲ ဆုတောင်းပေးရမည်လား မသိချေ။

မလာလျှင် မိမိတို့ နှစ်ဦး အတူတကွ ထိုင်စီးသွားရုံ။ ယခု ရထားအတွက် မီလာပါက မစာဘေးက အမျိုးသမီးကလို "ပြတင်းပေါက် နေရာလိုချင်ရင် စောစော ထတန်းစီပေါ့၊ ခုမှ အညွန့်လာ မခူးစားနဲ့ " ဟု မပြောရုံတမယ် လူစားမျိုး ဆိုပါက ...

"ကျေးဇူးပြု၍ နားဆင်ပါရှင်၊ မန္တလေး- မြစ်ကြီးနား အထူး အမြန်အဆန် (××) ရထားသည် မကြာမီ အချိန်အတွင်း အမှတ် (၁) စင်္ကြံမှ ထွက်ခွာတော့မည် ဖြစ်ပါသဖြင့် ကြိုတင် ပြင်ဆင်ထားကြပါရန် ပန်ကြားအပ်ပါသည် ရှင်"

ဟင်း ... ရထားတောင် ထွက်တော့မည်။ နံဘေးမှ နေရာလွတ်အတွက် ဝမ်းသာရမည်လား မသိနိုင်။ ရင်ခုန်၍ စိတ်စောနေမိသည် ကတော့ အမှန်ပင်။

"အကြောင်း မညီညွတ်၍ မလာတာဘဲ ဖြစ်ပါစေ" ဟု တိတ်တခိုးလေး ဆုတောင်း လိုက်မိသည် ။

ရထားဘီးက သံလမ်းပေါ်တွင် စတင် ရွေ့လျားစဉ်၌ ရွှေရုပ်သွင် ဝမ်း

သာသွားသည် ။ ဝမ်းသာမှုက ထိန်းမရတော့။ နံဘေး လက်တစ်လှမ်း အကွာရှိ မစာထံ မျက်စပစ်ကာ ...

"မလာတော့ဘူး ထင်တယ်"

ဟု လည်း ပြောလိုက်တော့ ...

မစာက လှုပ်လှုပ်ရှားရှား ဖြစ်ကာ ...

"မစာ လာခဲ့ရတော့မလား"

"နေပါဦး ... အခြားတွဲပေါ် တက်ပြီး ရောက်ချင်ရောက် လာတတ်ပါ တယ်" ဟူသော စကားကို ပြောလိုက်သူက မစာမဟုတ်၊ မစာနံဘေး ပြ တင်းပေါက်နား၌ ထိုင်နေသော အမျိုးသမီးထံမှ ဖြစ်သည် ။

ထိုအခါ မစာကလည်း ငြိမ်ငြိမ်သက်သက်ပင် ဖြစ်သွားရသည် ။

နောက် (၅) မိနစ် စွန်းစွန်းတွင် အနီး အမျိုးသမီး စကားမှာ အမှန်ပင် ဖြစ်သွားကြောင်း သိလိုက်ရလေသည် ။

ပိန်အိတ် ဇစ်တပ်ကိုထမ်း၊ ဘီးတပ် လက်ဆွဲအိတ်ကို တွန်းကာ လူ တစ်ယောက် သူတို့ အနီးသို့ ဘွားကနဲ ရောက်ရှိကာ ရပ်တန့် လိုက်သည် ။

"D. Window ၊ ဟုတ်ပြီ ... ဒီနေရာ"

တစ်ယောက်တည်း ပြောသလိုလို၊ သူ့အား တိုင်တည်သလိုလို ပြော နေသော သူကို ရွှေရုပ်သွင်က မော့ကြည့်ပြီး မျက်နှာချို သွေးလိုက်သည် ။

ကိုယ်က အကူအညီကို အလိုရှိနေသည် မှတ်လား ...။

"ဒီနေရာ ရှင့်နေရာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဟိုလေ ... ကျွန်မတို့ ညီ

အစ်မက နေရာကွဲနေလို့ လဲပေးနိုင်မလားလို့ ..."

ရွှေရုပ်သွင် အတတ်နိုင်ဆုံး ချိုမြမြ အပြုံးလေးနှင့် မျက်နှာချိုသွေးကာ ပြောလိုက်တော့ ...

ကိုယ်တော်ချောက မျက်မှောင်တွန့်ကာ သူနှင့် မစာကို တစ်လှည့်စီ ကြည့်လိုက်သည် ။

မစာကလည်း အစွမ်းကုန် သွားဖြီးလျက် ...

"ဟုတ်တယ် ... ကျွန်မ ညီမလေးနဲ့ ကျွန်မ အတူတူ ထိုင်ချင်လို့ ပါ၊ လဲပေးပါနော် မောင်လေး" တဲ့ ။

အဟင်း ... မဆိုးပါဘူး။ မစာက မျက်နှာချို သွေးတတ်သားပဲ။

ခရီးသည် ကိုယ်တော်ချောလည်း မိန်းမသား နှစ်ဦး၏ ချိုမြိန်သော အပြုံးများ နှင့် နှုတ်ထွက် စကားကို လွန်ဆန်နိုင်ခြင်း ရှိဟန် မတူတော့ဘဲ ...

"ကောင်းပြီလေ ... ကျွန်တော် လဲပေးလိုက်ရင် ခင်ဗျားတို့ အဆင်ပြေမယ် မှတ်လား ... လဲပေးပါ့မယ်၊ ကိုင်း ... ကျွန်တော် ဘယ်မှာ ထိုင်ရမှာ လဲ"

ထိုအခါ မစာက ပျာပျာသလဲ ထကာ ...

"ဒီမှာ ... ဒီနေရာမှာ ပါ၊ ဟို ... ကိုလေး အထုပ်ထားဖို့ ကျွန်မတို့ ဘက် အပေါ်မှာ ပဲ တင်ထားလေ၊ နေရာ ချောင်နေတာပဲ"

ဟု လည်း လောကွတ် လုပ်လိုက်သည် ။

အမှန်တော့ မစာဘက်အခြမ်း ပစ္စည်းတင် စင်၌ပင် ခရီးဆောင် အိတ် နှစ်လုံးကို တင်ထားပြီး ဖြစ်နေသည် ။

နောက် စားသောက်စရာ ခြင်းက မစာ၏ ခြေရင်းနားမှာ ဖြစ်သည် ။ ထို့ကြောင့် ရွှေရုပ်သွင်တို့ ဘက် ခေါင်းပေါ်ရှိ စင်၌ ရှင်းနေသဖြင့် သူ့အကျိုး ကိုယ့်အကျိုး လိုလားစွာပင် ပြောလိုက်သည့် မစာစကားကို ပြုံးကာ ခေါင်းညိတ် ပြလိုက်ပြီး ...

"သိုင့်ခ်ကျူး ... တင်လိုက်မယ်နော်"

ဟု ဆိုလာသဖြင့် ရွှေရုပ်သွင်က ခေါင်းညိတ်ပြီး ခရီးတစ်ထောက်စာအတွက် အပိုင်စား ရသွားပြီဖြစ်သော ပြတင်းပေါက် ကပ်လျက် နေရာကို ဝမ်းသာအားရ ရွှေ့ပြောင်း နေရာယူလိုက်ရင်း ...

"မဟုတ်တာ ... ကျွန်မတို့ က ကျေးဇူးတင် ရမှာ ပါရှင်"

ဟု လည်း ရွှေရုပ်သွင်က လှိုက်လှိုက်လှဲလှဲပင် ပြောချလိုက်သည် ။

ကျေးဇူးရှင်က ရွှေရုပ်သွင် ခေါင်းပေါ်သို့ အိတ်နှစ်လုံး တင်လိုက်သည် ။

"သြော်"

ကျေးဇူးရှင်က သြော်ကနဲ လုပ်လိုက်တော့ ရွှေရုပ်သွင် မျက်လုံး ပြူးသွားရသည် ။ ဘာများ ဆင်ခြေတွေ ပြုပြီး နေရာမလဲဘူးများ ပြောမလားဟု ...

"ရှင် ... ဘာဖြစ်လို့ လဲ အစ်ကို"

"သြော် ... ညလယ်စာ စားစရာ ယူမလို့ ပါ"

ဟု ပြောပြောဆိုဆို ပီနံအိတ်ကြီးကို ပြန်ချပြီးမှ ဇစ်ဖွင့်ကာ ပလတ်စတစ် အိတ်ပါးနှင့် တစ်ထုတ်ကို ဆွဲထုတ်လိုက်သည် ။

"ယူစရာရှိလည်း ယူပါနော် ... အားမနာပါနဲ့ "

ဟု ရွှေရုပ်သွင် လောကွတ် ချော်လိုက်မိသည် ။ ဘာပဲပြောပြော မစာ နှင့် အတူ ထိုင်ခွင့်ရသည့် အခွင့်အရေး နည်းနည်းနောနောမှ မဟုတ် တာ။

အချို့ ခရီးသွားတွေသည် အင်မတန် ကတ်သတ်ကြသည် ။ ပြတင်းပေါက်နား နေရာများ ရလျှင် တစ်သက်တာလုံး အတွက် အပိုင် စား ရသည့်အလား ပြတင်းပေါက် ကိုလည်း သူတစ်ဦးတည်း ပိုင်ဆိုင်သ လို ဖွင့်လိုဖွင့် ... ချလိုချ။ ကျန်ခရီးသွားတွေ၏ အနေအထားကို လုံး၀ မ ကြည့်တတ်တော့။

"ရပါပြီ ... အေးအေးဆေးဆေးသာ ထိုင်ကြပါတော့"

"ရေပက်လိမ့်မယ် ... တံခါး ပိတ်ထားလိုက်ဦး"

တစ်ဖက် A1 Window ခုံနံပါတ်က လှမ်း၍ အမိန့်ပေး လိုက်လေ သည် ။ တကယ့်ကို စကားပြောလျှင်လည်း ခပ်ပြတ်ပြတ်။

"ပေး ... ကျွန်တော် တင်ပေးပါ့မယ်"

တရုတ် ရထား၏ မှန်များက အပေါ်ကို ဆွဲတင်ရသည် ဖြစ်ရာ ကျေး ဇူးရှင် ခရီးသွားကပင် တင်ပေးသွားသည် ။

"အား ... ပက်ပြီ"

"အီး ..."

"ဟာ ... စိုကုန်ပြီ"

"သင်္ကြန်အကြိုကိုး"

"တံခါးတွေ ပိတ်သာ ထားလိုက်တာ အကောင်းဆုံးပါပဲ"

"ညကြီးတောင် ပက်သေးတယ်"

ရထားတွဲပေါ်မှာ ခရီးသည် များ ၏ ပါးစပ်ပေါက်များမှ ထွက်လာသော တစ်ယောက် တစ်ပေါက် အသံများကြောင့် ရွှေရုပ်သွင် ရထားတွင်း လှမ်းကြည့်လိုက်သည် ။ ရေစိုသူများက ရေသုတ်ပြီး ကလေးငယ်များကိုတော့ မိဘများက အဝတ်အစားလဲရန် ပြင်ပြင်ဆင်ဆင် လှုပ်လှုပ်ရွရွ မြင်ကွင်းကို တွေ့လိုက်ရသည် ။

ရွှေရုပ်သွင် ... ကျေးဇူးရှင် ခရီးသွားကို ကြည့်လိုက်သည် ။

ပြုံးပြပြီး မစာ နေရာ၌ သွားထိုင်လေသည် ။

ချောမော ခန့်ညားသော ယောကျ်ား တစ်ဦး ဖြစ်သည် ။ ထိုရုပ်သွင်ကို မြင်ဖူးသလိုလိုလည်း ခံစားရသည် ။

တုံ့ပြန် ပြုံးပြလိုက်စဉ် ...

ဘယ့်နှယ် ... ဘယ့်နှယ် သူ ရင်ခုန်သံက ရထားခုတ်သံနှင့် အပြိုင် " တဂျုံးဂျုံး ... တဂျက်ဂျက်" နှင့်ပါလား။

ဒါတောင် တရုတ် မီးရထားသံက သံစဉ်က တော်တော် ညက်ကာ တုန်ခါမှုကလည်း နည်း၍ ဖြစ်သည် ။

သို့မဟုတ်ပါက ...

*****

# အခန်း (၃)

တစ်နေ့လုံး ဟိုသွားဒီသွား Shopping Mall မှာ ညနေပိုင်း တစ်ပိုင်းလုံး အချိန်ကုန်ခံကာ ခြေအညောင်းခံ၊ မျက်စိ အညောင်းခံကာ ဇေးမော ကြည့်ရှု (window shopping) လုပ်ထားသမျှ တို့ က တရုတ်ရထား၊ ညက်ညက်ညောညော လေး၌ ပုခက်လွှဲထား သကဲ့သို့ ဖြစ်လာရာ မင်းခေါင် ငိုက်မြည်းစ ပြုပြီမို့ ...

နာရီကို ကြည့်လိုက်သည် ။

ရထား ထွက်တာက ခုနစ်နာရီ မတ်တင်းကမှ ။ ခုမှ ကိုးနာရီကျော်ပဲ ရှိသေးတာ။ ညလယ်စာ ထုတ်စားရမှာ လည်း ရှက်သေးသည် ။

တစ်ခုံကျော်၌ ရှိနေသော မချောလေး၏ ရုပ်အသွင် ဝင်းဝင်းဝါဝါလေးက တကယ့်ကို လှတန်ဆောင် ခေတ်စကားအရ (အလန်း)လေးဆိုတော့ လူပျိုပီပီ ကြွေမိသည် ။

မကြာခဏ ခိုးကြည့်နေမိသည့် ကြားက ငိုက်မြည်းလာသော မျက်လုံးကို ဒေါက်ထောက် ထားရမလို ဖြစ်နေသည် ။

အိပ်ခန်းတွဲသာ ရလိုက်ပါက အဘယ်မျှ ကောင်းချိမ့်မည်နည်း။

အိပ်ခန်းတွေက အရာရှိ၊ ဝရမ်းသမားတွေ၊ ဝန်ထမ်းတွေကို ဦးစားပေးရ လို့ ပါတဲ့ ။

မတတ်နိုင်ဘူးလေ ... ဟု ဆိုကာ ရရာကိုပဲ ယူခဲ့သည် ။

ခက်ခဲပုံများ ... ကြားဘူတာ နဘားလက်မှတ် မရသဖြင့် မြစ်ကြီးနားအထိ လက်မှတ် ဖြတ်ခဲ့လိုက်ရသည် ။

"အစ်ကို"

"xxx"

"အစ်ကို"

"xxx"

"ဗျာ"

"စားပါဦးလားရှင်"

သြော် ... မချောလေးနှင့် သူ့အဖော်က ပါလာသော ထမင်းချိုင့်လေးများကို ဖွင့်လျက် အသီးသီး လောကွတ် ချော်လေသည် ။

"သုံးဆောင်ကြပါဗျာ ... ကျွန်တော့်မှာ အပြည့်အစုံ ပါပါတယ်"

ဟု ကြည်ကြည်နူးနူးလေး ပြောလိုက်ပြီး ဝယ်လာသော ဖော့ဘူးကို ဖွင့်လိုက်သည် ။ ပီဇာနှင့် ကြက်ခဲပတ်ကင်။ နောက်ပါသည့် ညလယ်စာ ရိက္ခာကို ဆွဲကာ စားသောက်တွဲ ဘက်သို့ ထွက်ရန် ခြေလှမ်း ပြင်လိုက်သည် ။

နောက် မချောလေး ရှိရာသို့ မျက်စိ စေလွှတ်လိုက်ပြီး ...

"ဘာမှာ ဦးမလဲ ... စားသောက်တွဲ သွားမလို့ "

"မမှာ တော့ပါဘူး ... ကျွန်မတို့ မှာ အပြည့်အစုံ ပါပါတယ်ရှင့်"

"အိုကေ ... ဒါဖြင့် သွားပြီ"

နှစ်ဦးနှစ်ဖက် စိုပြည်နေမှုကို တစ်ခွန်းတစ်ပါဒမှ ဝင်မရောဘဲ ခပ်တည်တည်နှင့် ကနုကမာလိုဟာရော၊ သံချောင်း ကောက်ကောက်နှင့် ချည်များ နှင့်ပါ အလုပ်ရှုပ် လိုက်ပါလာသော အမျိုးသမီးကြီး ဘက်သို့လည်း ငဲ့စောင်းကြည့်ကာ ...

"ဒီက အစ်မကြီးကော ဘာမှာ ဦးမလဲ"

"ရတယ် ... မှာ စရာ မရှိဘူး"

ခပ်တည်တည်ပင် လူကို မော့မကြည့်ဘဲ ဖြေကာ လက်ချောင်းများကြား တန်ဆာပလာမျိုးစုံနှင့် ယောက်ယက်ခတ် အလုပ်ရှုပ် နေလေတော့သည်။

"ပြီးရောပေါ့ ... သက်တောင် သာသေး" ဟု စိတ်တွင်း မြည်တမ်းရင်း စားသောက်တွဲဆီသို့ ထွက်ခဲ့ လိုက်လေသည်။

စားသောက်တွဲ၌ နွေရာသီနှင့် ကိုက်ညီသော ...

"ဘီယာထဲက ဘာရမလဲ"

"မန္တလေး တိုက်ဂါး ဒဂုံ"

ရန်ကုန်သားမို့ ထင်သည်။ ဒဂုံဘီယာကို သူနှစ်သက်သဖြင့် ...

"ဒဂုံတစ်ဘူး ပေးကွာ၊ ပြီးတော့ ရေခဲရေသန့် တစ်ပုလင်း"

"ရေသန့်ကတော့ ရတနာပုံပဲ ရမယ်"

"အေး ... ရတဲ့ ဟာပဲ၊ အေးပါစေနော်"

"စိတ်ချပါ ... အငွေ့တထောင်းထောင်း ထနေစေရမယ်" တဲ့။

စားသောက်တွဲ၏ စားပွဲတစ်လုံး၌ ထိုင်ကာ ရိပ်ကနဲ ရိပ်ကနဲ ကျန်ရစ်သော အမှောင်ထု၏ တောရိပ် တောင်ရိပ်များကို လှမ်း

အကဲခတ်ရင်းမှ ပီဇာတစ်စိတ်နှင့် ခဲပတ် ကြက်ကင် တစ်ခြမ်းကို ဘီယာ တစ်ဘူးနှင့် တွဲဖက်ကာ မြည်းပစ် လိုက်လေသည် ။

ဘီယာက ကုန်သွားပြီ။ အမြည်းက မကုန်သေး။

"ချာတိတ် ... နောက်ထပ် ဒဂုံဘီယာ တစ်ဘူး ပေးဦးကွာ"

"ဟုတ်ကဲ့"

(၄၅) မိနစ်ခန့် ဘီယာနှစ်ဘူးနှင့်အတူ အချိန်ဖြုန်း လိုက်တော့မှ အမြ ည်းက ကုန်သွား လေတော့သည် ။

ပြီးသည် နှင့် ခရီးဆောင် သားရေဟင်းဘက်ခ် အိပ်ထဲ၌ ပါသော သွားတိုက်ဆေးနှင့် သွားပွတ်တံကို ထုတ်ကာ စားသောက်တွဲ၌ ကပ်ရက် တွဲ ဘေစင်၌ ခံတွင်း သန့်ရှင်းခြင်း လုပ်လိုက်သည် ။

မတော်တဆ ခရီးဖော် မိန်းမများက သူ့ထံမှ ဘီယာရနံ့ ရသွားလျှင် သူ့အပေါ် အထင်သေး သွားမှာ ကိုလည်း စိုးကြောက်သေးသည် ။

အထူးသဖြင့် အသားအရေ ဝင်းနှစ်နှစ်နှင့် ရွှေသမင် မျက်လုံး ပိုင်ရှင် မလေးကို ဖြစ်သည် ။

နောက် ပီကေ ဝါးလိုက်သည် ။

နောက်မှ စနိုးတာဝါနှင့် မျက်နှာ လည်ပင်း လက်တို့ ကို ပွတ်ပြီး လွှင့်ပစ်ခဲ့ပြီးမှ မိမိတွဲရှိရာသို့ လျှောက်ခဲ့လိုက်သည် ။

နောက်မှ တရုတ်မြန်မာ ချစ်ကြည်ရေး ရထားတွဲများ ဖြစ်သော အများ ခေါ် တရုတ်တွဲများ စီးရသည် မှာ မဆိုးပါဘူး။ ခါယမ်းမှု တော်တော် နည်းသဖြင့် စီးရသည် မှာ ငြိမ့်ငြိမ့်ကလေး ဖြစ်သည် ။

နှစ်ခုံတွဲနှင့် တစ်ခုံသာ ပါရှိသော တွဲများ ရပါက ဘယ်လောက် ကော

င်းလိုက်မည်နည်း။

သူ့နေရာသို့ သူပြန်ရောက်တော့ ရွှေသမင် မျက်လုံးပိုင်ရှင် မလေးနှင့် အကြည့်ချင်း ဆုံသည် ။ မျက်လွှာ ကမန်းကတန်း ချသွားလေတော့သည် ။

ဆုံမှာ ပေါ့ ... သူ့အကြည့်ကလည်း ရွှေသမင် မျက်ဝန်းလေး ဆီသို့သာ ရောက်ရှိနေတတ် သည် ကိုး။

ဒီရထား တစ်တွဲလုံး၌ တစ်ယောက်တည်းကိုသာ မြင်သည့် သူ့မျက်ဝန်းက ကွက်ကျား အမြင်မိုး ရွာသွန်းနေလေပြီထင့်။

ဘီယာအရှိန်ကြောင့် ဆီးနှစ်ခါလောက် သွားအပြီးတွင် ငိုက်မြည်းသွားလိုက်သည် မှ သည် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွား လေတော့သည် မှာ မိုးလင်းအထိ ဖြစ်လေတော့သည် ။

*****